**၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ ရန်ကုန်မြို့တွင် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်**

၂၀၁၄ ခုနှစ်ဇူလိုင်လ ၃ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင် ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ရန်ကုန်မြို့တွင် ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် အကြံပြုဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အမည်စာရင်း များအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၄)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ အထွေထွေလုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု၊ ပြည်သူ့ဘဏ္ဍာငွေ အရင်းအမြစ် များကို စီမံခန့်ခွဲခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ ငွေကြေးအရင်းအနှီး လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း။

**အထွေထွေလုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု**

- CPF တွင် Gender and Conflict sensitivity ကဲ့သို့ အကြောင်းအရာများကိုဖော်ထုတ်ဆွေးနွေးစေလိုပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်သောအစီအစဉ်များကို ကမ္ဘာ့ဘဏ်ကအာရုံစိုက်မလုပ်ဆောင်သော်လည်း ၎င်းအချင်းအရာများသည် ဖွံ့ဖြိုးရေးအတွက်အရေးကြီးသော စဉ်းစားရမည့်အချက်ဖြစ်သည်။ ရခိုင်ဒေသ ဖွံ့ဖြိုးရေးကို စဉ်းစားမိသည်။ ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးမိတ်ဖက်များကို ရခိုင်ပြည်နယ်တွင် စီမံကိန်းများ လုပ်ဆောင်ပါက ထိုစီမံကိန်းကြောင့် အုပ်စုများအကြား ပဋိပက္ခပိုဆိုးနိုင်ခြေနှင့် ထိုအခြေအနေများအား ဖြေရှင်း နိုင်မည့် အားသာချက်များ ကို အစိုးရနှင့်ပူးပေါင်းအဖြေရှာသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုက ဦးစားပေးသတ်မှတ်မည့် ဦးစားပေးလုပ်ငန်းများအတွက် လုံလောက်သောလူသားအရင်းအမြစ်ရှိရန် သေချာစွာဆောင်ရွက်သင့်သည်။ အောက်ခြေအဆင့်တွင်လည်း ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူများရှိသင့်သည်။ အောက်ခြေထိတွေ့ဆက်ဆံမှုမှ အကျိုးများစွာရရှိနိုင်သည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များအများအပြားရှိနေပြီး ၎င်းတို့နှင့် အတူပူးပေါင်းရန်လိုအပ်သည်။ ထို့ကြောင့် စီမံကိန်းခေါင်းဆောင်များအားလုံးနှင့် လုံလောက်သော အထောက်အပံ့ပြု ဝန်ထမ်းများလည်း ရန်ကုန်တွင်အခြေ စိုက်သင့်သည်။
- ဖွံ့ဖြိုးရေးမိတ်ဖက်များအနေဖြင့် ဖွံ့ဖြိုးရေးအကူအညီများကို အတူတကွပူးပေါင်းလုပ်ဆောင်ရေးယန္တရားအား မည်ကဲ့သို့ဖော်ဆောင်နိုင်မည်ကို စဉ်းစားသင့်ပေသည်။ ယခုအချိန်အထိ အကူအညီများပူးပေါင်းလုပ်ဆောင်ခြင်းသည် အောင်မြင်သော်လည်း မြန်မာနိုင်ငံသို့ဝင်ရောက်လာသော အကူအညီအမျိုးအစားများကို စီမံရန် မသတ်မှတ်ထားခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ရေးအတွက်အပြည့်အဝ ချမှတ်ထားခြင်းမရှိသေးပေ။ မိမိတို့အနေဖြင် ဖွံ့ဖြိုးရေး အကူအညီများ ထိရောက်ရေးနှင့် အလှူရှင်များပူးပေါင်းလုပ်ဆောင်ရေးအတွက် အတူတကွတွန်းအားပေး နေကြပါသည်။ သို့သော် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက်အရေးပါသော ကဏ္ဍများရှိပါက အဖွဲ့တိုင်းက ထိုကဏ္ဍများကိုကူညီကြပေမည်။ မိမိတို့အနေဖြင့် ကဏ္ဍအလိုက်ခွဲဝေတာဝန်ယူသည့်အဆင့် မရောက်ရှိသေးသောကြောင့် ကဏ္ဍတစ်ခုချင်းစီကို ပူးပေါင်းလုပ်ဆောင်သွားဖို့လိုအပ်ပေလိမ့်မည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ကူညီထောက်ပံ့မှုများသည် ရှိရင်းစွဲအောင်မြင်မှုများပေါ်အခြေခံမှုဖြစ်စေရန် နိုင်ငံတကာ အရပ်ဖက်အဖွဲ့အစည်း(INGO) များ နှင့် ပူးပေါင်းရေးယန္တရားတစ်ခုပေါ်ပေါက်လာ အောင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိသည်။ လွန်ခဲ့သော ၁၀ စုနှစ်က စီမံကိန်းလုပ်ဆောင်ခဲ့သော အဖွဲ့အစည်းများသည် စီမံကိန်းများ ပြီးစီးအောင် လုပ်ရန်သာ အာရုံစိုက်ကြပြီး ငွေကြေးများအားမည်ကဲ့သို့အသုံးပြုသည်ဆိုသည့် ဆုံးဖြတ်ချက်ချရန် နေရာမျိုးတွင် မပါဝင်ခဲ့ကြပေ။

ထိုအချင်းအရာများသည် သဘာဝဖြစ်စဉ်ဖြစ်သည်မှာမှန်သော်လည်း ကြီးမားသော ရင်းနှီးမြှုပ်နှံမှုနှင့် ထိုစဉ်က ရေးဆွဲခဲ့သောဗျူဟာများသည် ကျေးရွာအဆင့် ဖွံ့ဖြိုးမှုကိုနားလည်းပြီးမှ ၎င်းအပေါ်အခြေ ခံကာ ရင်းနှီးမှု ပြုခဲ့သလားဆိုသည်ကို သိရှိလိုပါသည်။ ပထဝီအနေအထားပေါ်မူတည်၍ အတူပူးပေါင်းလုပ်ဆောင်ရန် အကြံပြု ဆွေးနွေးပွဲများ လုပ်ခဲ့ကြသော်လည်း INGO များ များပြားနေသည်သာမက အချို့သော အကူအညီများ စီမံကိန်းများသည် ရှိရင်းစွဲ အောင်မြင်မှုများပေါ်အခြေမခံဘဲ စီမံကိန်းအသစ်ကိုလုပ်ဆောင်ကြသည်။ ၎င်းအချင်းအရာ များသည် ထင်သာ မြင်သာ မရှိသော်လည်း ပူးပေါင်းလုပ်ဆောင်ရာတွင် လိုအပ်ချက်ရှိကြောင်းထောက်ပြနေပေသည်။

- မြန်မာနိုင်ငံတွင် လာမည့် နှစ် ၂၀ကျော်ကာလတွင် ဗဟိုချုပ်ကိုင်မှုလျော့ကျသွားမည့်ဟုမျှော်လင့်ရပြီး ထိုကာလ အတောအတွင်း အစိုးရသို့ရင်းနှီးမြှုပ်နှံမှုကြီးများဝင်ရောက်သကဲ့သို့ပင် ကျေးလက်ဒေသအဆင့်တွင် လုပ်ကိုင် နေကြသော အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများသို့လည်း ရင်းနှီးမြှုပ်နှံမှုများရှိလာမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ် အုပ်စုအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများ ကျစ်လစ်ခိုင်မာလာအောင်ပြုလုပ်ပေးနိုင်မည်လား။ ပရဟိတလုပ်ငန်းတွင် မြန်မာသည် နံပါတ် ၂ နေရာတွင်ရှိသည်။ မြန်မာနိုင်ငံတွင်အရပ်ဖက်အဖွဲ့အစည်းများရှိသော်လည်း ကျစ်လစ်ခိုင်မာစွာ စုစည်းနိုင်ခြင်းမရှိသေးပေ။ မိမိတို့အနေဖြင့် အရပ်ဖက်အဖွဲ့အစည်းကို အနာဂါတ် community approaches အဖြစ်ရှုမြင်နေကြပြီဖြစ်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းအလုပ်အမားများ များပြားလာခြင်းသည် ဆင်းရဲမှုကိုဖြစ်စေသည့် အချက်တစ်ခုဖြစ်ကြောင်းသတိမူသင့်သည်။ မြန်မာနိုင်ငံရှိ ဆင်းရဲသောမိသားစုများမှာ ပြည်တွင်း နှင့်ပြည်ပနိုင်ငံများ သို့ရွှေပြောင်းနေထိုင်ကြသည်။ ယခင်နှစ်များက မည်သည့်နေရာတွင်ဆင်းရဲနွမ်းပါးသူများရှိကြောင်း အလွယ်တကူ သိရှိနိုင်သော်လည်း ယခုအခါတွင်သိရှိရန်ခက်ခဲလျက်ရှိနေပါသည်။ အရှေ့တောင်ဘက်တွင် တိုင်းရင်းသားကျေးရွာ များ၌ ယာယီ သို့မဟုတ် အတည်တကျနေထိုင်ခြင်းမရှိသေးသော ရွှေ့ပြောင်းလုပ်သားများအားတွေ့ရသည်။ ၎င်းတို့ အား ကျေးရွားအိမ်ထောင်စုစာရင်းတွင် ထည့်တွက်ထားခြင်းမရှိပေ။ ၎င်းတို့၏အရေအတွက်သည် တစ်ခါတစ်ရံ ကျေးရွာအိမ်ထောင်စုများ၏ ၂၅ ရာခိုင်နှုန်းအထိရှိတတ်သည်။ ၎င်းတို့သည် စာရင်းပျောက်နေပါသည်။ ကျေးလက် ဘဝတွင်လည်းပါဝင်မှုမရှိဘဲ သီးခြားနေကြသည်။ ၎င်းတို့အနီးရှိ ကျောင်းတွင်ပင် ၎င်းတို့၏ကလေးများ ပညာသင်ကြားခွင့်မရှိကြပါ။ ကျေးရွာအုပ်စုများတွင် ထိုရွှေပြောင်းလုပ်သားများအတွက် ရွာသစ်ကလေးများထွက်ပေါ် လာသည်ကိုတွေ့ရှိရသည်။

### ပြည်သူ့ဘဏ္ဍာအရင်းအမြစ်များကိုစီမံခန့်ခွဲခြင်း

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ဆောင်ခဲ့မှုများကို CPF တွင်ဖော်ပြပေးသင့်သည်။

### ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင်ပြောင်းလဲမှုအစီအစဉ် (State Economic Enterprise Reform Plan) တစ်ရပ်ပေါ်ပေါက်လာ ရန်စဉ်းစားသင့်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၄၀ ရှိသည်။ ၎င်းတို့သည် သယ်ယူပို့ဆောင်ရေးနှင့် အခြားသောကဏ္ဍများစွာတို့တွင်ပါဝင်သော ကြီးမားသည့်အဖွဲ့ ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ၎င်းတို့သည်လည်းအရေးပါသော အခန်းကဏ္ဍတွင်ရှိ နေပါသည်။ ထို့ကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအကြား ပုဂ္ဂလိကပိုင်ဖြစ်စေရန် ပစ်မှတ်ထားသော State Economic Enterprise Reform Plan ရှိရန်လိုအပ်သည်။
- ဖွံ့ဖြိုးရေးမိတ်ဖက်များမှ ပုဂ္ဂလိကကဏ္ဍနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအား အကူအညီပေးခြင်းသည် သင့်လျော်မှုရှိပြီး အရေးပါအရာရောက်ပေသည်။ မြန်မာနိုင်ငံသည် အကူအညီကိုမှီခိုသည့်နိုင်ငံမဖြစ်သင့်ပေ။ မိမိတို့အနေဖြင့် မည်သည့် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်းကိုမူ ဂရုပြုသင့်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများမှ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများစွာမြင့်တက်နေသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်ပူးပေါင်းကာ မည်သည့်ပုဂ္ဂလိကကဏ္ဍအား နိုင်ငံတကာအလှူရှင်များ ကူညီ သင့်သည့် မည်သည့်ကဏ္ဍအား ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာရင်းနှီး မြှုပ်နှံသူများ အတွက် ဦးစားပေး သင့်သည်ကို ဆုံးဖြတ်ရန်လိုအပ်ပေမည်။

- ကမ္ဘာ့ဘဏ်အုပ်စုမှ ပုဂ္ဂလိကက*ဏ္ဍ*အား လူမှုဘဝအကျိုးသက်ရောက်မှုကိုရင်းနှီးမြှုပ်နှံစေရန် ယင်းကိုအကောင်အထည်ဖော်နေသော အဖွဲ့များနှင့်ချိတ်ဆက်လုပ်ဆောင်ရန်စဉ်းစားသင့်သည်။ ပုဂ္ဂလိကကုမ္ပဏီများမှ အောင်မြင်သော CSR မှ လူမှုဘဝအကျိုးသက်ရောက်မှုကိုရင်းနှီးမြှုပ်နှံခြင်း (impact investing) သို့ပြောင်းလဲလုပ်ဆောင်နေသော သာဓကမှာ လွန်စွာနည်းပါးနေပါသည်။ ပြည်တွင်း ပြည်ပမှရင်းနှီးမြှုပ်နှံသူများ မှထိုကဲ့သို့ လုပ်ဆောင်မှုမျိုးကိုမြင်လိုပါသည်။ CSR ကို ဘန်းပြသဘောမျိုးမဟုတ်ဘဲ တန်ဖိုးသိပြီး ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မှုမျိုး ဖြစ်စေလိုပါသည်။ ထိုအတွက် ကြီးမားသောအားပေးမှု ကူညီမှုများလိုအပ်သည်။

**ငွေကြေးအရင်းအနှီးလက်လှမ်းမီနိုင်အောင်ဆောင်ရွက်ခြင်း**

- ကျေးလက်ဒေသအဆင့်***၌*** အသေးစားအာမခံလုပ်ငန်းဈေးကွက်များပေါ် ပေါက်ရန်လိုအပ်နေသည်။

## တက်ရောက်လာသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း

| No. | Name | Organization |
|---|---|---|
| 1 | Htet Htet Aung | *No organization listed* |
| 2 | Thom Adcoch | Department for International Development (UK) |
| 3 | Saw Eh Law Hsin | Consortium of Dutch NGOs |
| 4 | Taohid Ibwe Farid | Action Aid |
| 5 | Chris Simet | *Permission to publish only name.* |
| 6 | Alberto Nenhgini | European Union |
| 7 | Richard Harrison | Pact |
| 8 | Tom Lambert | *No organization listed* |
| 9 | Yee Yee Maw | World Wildlife Fund |
| 10 | Michiko Ho | International Organization for Migration |
| 11 | Susan Lee | Asia Foundation |
| 12 | May Thway | Yangon Heritage Trust |